**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**

Yangon Protestant Reformed Church

**တနင်္ဂနွေစာစောင်၊ နံပတ် (၄၄)**

**နေ့စွဲ – ၁၂. ၉. ၁၀**

## လူသား၏တာဝန်ရှိခြင်းအကြောင်း(Human Responsiblity)

အချို့က ဘုရားသခင်၏အစိုးရတော်မူခြင်းနှင့် လူသား၏တာဝန်ရှိခြင်းတို့ကြားတွင် ဆန့်ကျင်ဖက်များ ရှိကြသည်ဟု ထင်နေကြပါသည်။ ဘုရားသခင်က အရာခပ်သိမ်းကို ထိန်းချုပ်သည်၊ လမ်းညွှန်သည် ဆိုလျှင်၊ ထာဝရကာလမှနေ၍ အားလုံးကိုကြံစည်လျက် ဖြစ်လာမည်အားလုံးကို အမိန့်ချမှတ်ထားသည်၊ ထိုအထဲတွင် အပြစ်လဲပါသည် ဆိုခဲ့လျှင်၊ ထိုကြံစည်ထားသမျှကိုလည်း တကယ်ပင် အတိအကျဖြစ်လာစေသည်ဆိုလျှင် လူသည် မိမိပြုသောအပြုအမူများအတွက် တာဝန်မရှိနိုင်ပါဟု ဆိုကြပါသည်။ လူသားက "ဘုရားသခင်က ဖြစ်စေတာဘဲ၊ သူကအမိန့်တော်ချမှတ်ထားတာဘဲ၊ ဒါ့ကြောင့် ကျွန်တော် ဒါကိုမလုပ်လို့ကိုမရဘူး၊ ဒါ့ကြောင့် ကျွန်တော်မှာအပြစ်မရှိဘူး"ဟုပြောပါမည်။

ကျွန်တော်တို့သည် ဘုရားသခင်၏အဆုံးစွန်အစိုးရတော်မူခြင်းကို ယုံကြည်ကြပါသည်။ တချိန်တည်းတွင် လူသည် သူ၏ ပြုမူခြင်း၊ တွေးခေါ်ခြင်း၊ စိတ်သဘောထားတို့အတွက် တာဝန်ရှိပါသည်ဟု ယုံကြည်ကြပါသည်။ အမှန်ပြောရလျှင် ဘုရားသခင်၏အစိုးရတော်မူခြင်းကို ငြင်းပယ်ရန် လူသားတို့က တင်ပြသောအချက်တို့သည် အချည်းနှီးသာဖြစ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းစာက ဘုရားသခင်သည် လူသားတို့ကို သူတို့၏ဆိုးညစ်ခြင်းများအတွက် တရားစီရင်တော်မူမည်၊ သူတို့၏ မကျေနပ်ချက်များ(complaints)ကို နားမထောင်ပါဟု သက်သေပေးနေသောကြောင့်ဖြစ်ပါသည်။ သူတို့၏မကျေနပ်ချက်များကို အပြစ်အဖြစ်ပင် မှတ်ယူတော်မူမည်ဟု ပြောနေပါသည် (ရောမ ၉း၂၀)။

လူသားအတွက်တော့ တစုံတခုကိုဖြစ်ပွားစေလျှင်၊ ထိုအရာအတွက်တာဝန်ရှိခြင်းသည် မှန်ပါမည်။ တစုံတခုဖြစ်လာဖို့အတွက် အခြားတစုံတခုကို အသုံးပြုစရာ လိုအပ်ပါသည်၊ သို့သော် အဓိကတာဝန်ရှိသူသည် သူသာလျှင်ဖြစ်ပါသည်။ လူတယောက်ကိုသတ်ဖို့ ကျွန်တော်ကိုယ်တိုင် သေနတ်မောင်းကို ဆွဲချင်မှဆွဲပါမည်။ သို့သော် ထိုလူသတ်မှုအတွက် ကျွန်တော်မှာသာ တာဝန်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်က ကြံစည်၍ဖြစ်သည်၊ ကျွန်တော်က ကြိုးကိုင်၍ဖြစ်သည်။

သို့သော် ဘုရားသခင်အတွက်မူ ထိုသို့မဟုတ်ပါ။ ဘုရားသခင်၏အစိုးရတော်မူခြင်းနှင့် လူသား၏တာ ဝန်ရှိခြင်းအကြောင်းတို့အကြား ဆက်နွယ်မှုကို အတိအကျ ကျွန်တော်တို့ တင်ပြချင်မှတင်ပြနိုင်ပါမည်၊ သို့သော် အဖြစ်မှန်မှာ ဤသို့ဖြစ်သည်၊ ဘုရားသခင်သည် အစိုးရတော်မူသည်၊ ထို့အပြင် လူသည် တာဝန်ရှိသည်။ ဘုရားသခင်သည် အလွန်ကြီးမြတ်တော်မူလှသည်ဖြစ်၍၊ သူတပါးတည်းကသာ အရာခပ်သိမ်းကို အမိန့်တော်မြတ်ချမှတ်ဖြစ်ပွားစေလျက်၊ ထိန်းချုပ်တော်မူသော်လည်း၊ လူသားတို့နှင့်နတ်ဆိုးတို့၏ အပြစ်များအတွက် တာဝန်မရှိသူအဖြစ် နေနိုင်သူ ဖြစ်တော်မူပါသည်။

အကောင်းဆုံးသောဥပမာကို ၂ရာ ၂၄း၁ နှင့် ၅ရာ ၂၁း၁ တွင်တွေ့ရပါသည်။ ဒုတိယကျမ်းပိုဒ်က စာတန်ထံသို့ မိမိတိုင်းပြည်လူဦးရေကို ရေတွက်သည့် ဒါဝိတ်၏အပြစ်ကိုပြောပြပါသည်။ စာတန်က ဒါဝိတ်ကို ထိုသို့ပြုရန် နှိုးဆွသည်။ သို့သော် ၂ရာ ၂၄း၁ က အဖြစ်အပျက်တခုလုံး၏နောက်ကွယ်မှထိန်းချုပ်သူသည် ဘုရားသခင်ဖြစ်သည်ဟု ပြောပြပါသည်။ ဘုရားသခင်က ဒါဝိတ်ကို ထိုအပြစ်လုပ်ရန် နှိုးဆွပါသည်။ ထိုအချက်က ဘုရားသခင်သည် အပြစ်ကို ခွင့်ပြုယုံမျှမက၊ အစိုးရတော်မူစွာ ဖြစ်လာစေသည်ဟု သတိရစေပါသည်။ ဘုရားသခင်သည် ထိုသို့ဖြစ်ရန် စာတန်ကို ထိန်းချုပ်ယုံမက၊ အသုံးပြုတော်မူပါသည်။ ထိုအပြစ်အတွက် ရင်ဆိုင်ရသောအခါ၊ ဒါဝိတ်က "ဘုရားက ငါ့ကိုလုပ်ခိုင်းတာဘဲ"ဟု မပြောပါ၊ "နတ်ဆိုးက ငါ့ကိုလုပ်ခိုင်းတာ"ဟုလည်း မပြောပါ။ ထို့မှဆန့်ကျင်စွာ တာဝန်ကိုအပြည့်အဝခံပါသည်၊ "ငါအပြစ်ပြုမိသည်"ဟု ဝန်ခံပါသည် (၂ရာ ၂၄း၁၇၊ ၅ရာ ၂၁း၁၇)။

ကြီးမြတ်သောဥပမာကို သခင်ခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူခြင်းတွင် တွေ့ရပါသည်။ တမန် ၂း၂၃ က သခင်ခရစ်တော်ကို ဘုရားသခင်၏ထာဝရအကြံအစည်တော်နှင့်ကြိုတင်ခွဲ ခန့်မှတ်သားတော်မူခြင်းတို့အရ အသေခံစေခြင်းဖြစ်သည်ဟု ပြောပြပါသည်။ သခင်ခရစ်တော်လက်ဝါးကပ် တိုင်ပေါ် အသေခံရန် လိုအပ်သောအရာမှန်သမျှတို့ကို ဘုရားသခင်က ထာဝရကာလကထဲက ထာဝရအကြံ အစည်တော်၊ အမိန့်တော်မြတ်ဖြင့် ချမှတ်ပြီးဖြစ်သည်။ တမန် ၄း၂၆–၂၈ က သခင်ခရစ်တော်ကို လက်ဝါး ကပ်တိုင်ပေါ် တင်ကြသူများသည် ဘုရားသခင်၏အမိန့်တော်များကို အကောင်အထည်ဖေါ်ကြသူများ၊ ထာဝ ရကာလမှ ကြိုတင်၍ ထိုသို့ဖြစ်ရမည်ဟု ခွဲခန့်မှတ်သားထားသည်များကို ပြုကြသူများသာ ဖြစ်ကြပါသည်ဟု ပြောပြပါသည်။ ထိုသို့ပြော၍ သခင်ခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ် ရိုက်သတ်သူများ တာဝန်မရှိကြပါ ဟု ပြော၍ရနိုင်ပါမည်လား? သူတို့တွင်အပြစ်မရှိပါဟု ထိုသူများက ပြောနိုင်ကြပါသလား? မပြောနိုင်ကြပါ။ တမန် ၂း၂၃ က သူတို့လက်များသည် ဒုစရိုက်ပြုသောလက်များသာဖြစ်ကြသည်ဟု ပြောပါသည်။ သူတို့ သည် သခင်ခရစ်တော်ကို သတ်ဖြတ်သူ လူသတ်သမားများ၊ လက်ဝါးကပ်တိုင်ပေါ် ရက်စက်စွာ တင်သူများ ဖြစ်ကြပါသည်။ ဘုရားသခင်၏အစိုးရတော်မူခြင်းက သူတို့၏တာဝန်ရှိခြင်းကို ဖျက်ဆီးမပစ်ပါ။

သင် မိမိအပြစ်များအတွက် တာဝန်ယူပါသလား? ယခုအချိန်၌ တာဝန်ယူသည်ဖြစ်စေ၊ ငြင်းနေ သည်ဖြစ်စေ၊ တရားစီရင်ခံရခြင်းနေ့ရက်တွင် သင် တာဝန်ယူရမည်သာဖြစ်ပါသည်။ ဘုရားသခင်၏ အစိုးရ တော်မူခြင်းက သင့်ကို ဆင်ခြေတက်ခွင့်ပေးမည်မဟုတ်ပါ။ သခင်ခရစ်တော်ကသာ သင့်ကို ဘုရားသခင်၏ အမျက်တော်မှနေ၍ ကယ်တင်နိုင်မည်ဖြစ်ပါသည်။

## ဘုရားသခင်၏ဂုဏ်လက္ခဏာများ(God's Attributes)

ယနေ့ခေတ်အသင်းတော်များ၏ အကြီးမားဆုံးသောအားနည်းချက်မှာ ဘုရားသခင်၏အကြောင်း အသိပညာ ခေါင်းပါးနေခြင်းဖြစ်ပါသည်။ ခရစ်ယာန်အများတို့သည် သခင်ယေရှုနှင့်စကားပြောခဲ့သော ရှမာ ရိလူမျိုးများကဲ့သို့ ဖြစ်ကြပါသည်၊ "သင်တို့မသိသောအရာကို ကိုးကွယ်ကြသည်၊" (ယော ၄း၂၂)။

ယော ၁၇း၃ က ဘုရားသခင်ကိုသိခြင်း၏အရေးကြီးမှုကို ပြောပြပါသည်၊ "ထာဝရအသက်ဟူမူကား မှန်သောဘုရားသခင် တဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကို၎င်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကို ၎င်း သိခြင်းဖြစ်သည်။" ထို့ကြောင့် ဤအကြောင်းကိုသိခြင်းထက် ပို၍အရေးကြီးသောအရာ ရှိနိုင်ပါဦးမည် လား?

ပရောဖက်ပြောခဲ့သောစကားသည်လည်း ယနေ့ချိန်အတွက် မှန်နေပြန်ပါသည်၊ "ငါ့လူတို့သည်(အသိ) ပညာနည်းသောကြောင့် ဆုံးရှုံးကြ၏" (ဟောရှေ ၄း၆)။ ပရောဖက်ဟောရှေလက်ထက်တွင် ဘုရားသခင်၏ လူများထံ၌ ခေါင်းပါးနေသည်မှာ ဘုရားသခင်ကိုသိသောအသိပညာဖြစ်ပါသည်။ အငယ်(၁)က"နိုင်ငံထဲတွင် အမှန်တရားမရှိ၊ ဂရုဏာမရှိ၊ ဘုရားသခင်ကိုသိခြင်းအသိပညာမရှိပါ"ဟု ပြောပါသည်။ ယနေ့လည်းထို့အတူ ပင် မဟုတ်ပါလား။

ဟောရှေလက်ထက်တွင် အသင်းတော်က အသိပညာကို ငြင်းပယ်ခဲ့ပါသည်။ အထူးသဖြင့် ဝိညာဉ် ရေးရာခေါင်းဆောင်များ၊ ယဇ်ပုရောဟိတ်များက အသိပညာကို ငြင်းဖယ်ကြသည်၊ ဘုရားသခင်၏ပညတ် တော်များကို မေ့ပစ်ကြပါသည်။ ထို့ကြောင့် ဘုရားသခင်က သူတို့၏သားသမီးများကို မေ့ပစ်တော်မူမည်၊ သူ တို့ ဂုဏ်အသရေကို ရှက်စရာဖြစ်စေမည်ဟု ခြိမ်းခြောက်ပါသည် (၆၊ ၇)။ ယနေ့ခေတ်အသင်းတော်များက ထိုစကားတော်ကို ကြားခဲ့လျှင်၊ ထိုသို့သော ပြစ်ဒဏ်ခတ်ခြင်းကိုလည်း ဘုရားသခင်က ရောက်ရှိနေစေပြီဖြစ် ကြောင်း သိနိုင်ကြပါမည်။ အသင်းတော် ဘုရားသခင်ထံပြန်မှသာ၊ ထိုအဖြစ်ဆိုးမှ လွတ်နိုင်မည်ဖြစ်သည်။

ထိုအချက်များကိုစိတ်ထဲတွင်ထားကာ၊ ကျွန်တော်တို့သည် ဘုရားသခင်၏ဂုဏ်လက္ခဏာများအကြောင်း ကို စရေးကြပါမည်။ ထိုဂုဏ်လက္ခဏာများ၏အကြောင်းများမှ ဘုရားသခင်ကို ကျွန်တော်တို့သိကြရပါသည်။ ထိုသို့သိခြင်းသည် ထာဝရအသက်ဖြစ်ပါသည်။

ဂုဏ်လက္ခဏာများဆိုသည်မှာ တစုံတဦး၏ပုဂ္ဂလိကအရေအသွေးများကို ခေါ်ပါသည်၊ ဥပမာ၊ မျက်လုံးအ ရောင်မည်သို့ရှိသည်၊ မည်သို့သော စိတ်သဘောထားရှိသည် စသဖြင့်။ ဘုရားသခင်၏ဂုဏ်လက္ခဏာများဆို

သည်မှာ သူ၏တဆူတည်းဖြစ်တော်မူခြင်း၊ သူ၏ဝိညာဉ်ဖြစ်တော်မူခြင်း၊ သူ၏အစိုးရတော်မူခြင်း၊ သူ၏ ကျေးဇူးတော်၊ သူ၏ကောင်းမြတ်တော်မူခြင်း စသည်တို့နှင့်၊ ကျမ်းစာက ဘုရားသခင်သည် မည်သူဖြစ်သည်ဟု ပြောပြရာတွင်သုံးသော အခြားသောစကားလုံးတို့ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ဂုဏ်လက္ခဏာများဟု ပြောကြသည့်အခါ၊ သူ၏အကြောင်း၊ သူ၏ဘုန်းအသရေအကြောင်းနှင့် ဘုရားသခင်က မိမိကိုယ်ကို ကျမ်းစာထဲတွင် ဖွင့်ပြတော်မူသောအကြောင်းအရာများကို ပေါ်ပြကြခြင်းဖြစ်သည်။ ထိုဂုဏ်လက္ခဏာများအားဖြင့် ကျွန်တော်တို့သည် ဘုရားသခင် မည်သူဖြစ်ကြောင်းကို သိနိုင်ကြပါသည်။

ဘုရားသခင်၏ဂုဏ်လက္ခဏာများအကြောင်းသည် သီဩလော်ဂျီနှင့်သာဆိုင်သောအကြောင်းအရာများဖြစ်ကြသည်ဟု မည်သည့်အခါတွင်မျှ မတွေးမိပါစေနှင့်။ ၎င်းတို့သည် ကျွန်တော်တို့အတွက် သေရေးရှင်ရေးတမျှ အရေးကြီးကြပါသည်။ ထိုသို့ဖြစ်ခြင်းကို ကျမ်းစာက ဘုရားသခင်၏ဂုဏ်လက္ခဏာများကိုပေါ်ပြဖို့ ခြားနားသောစကားလုံးမျိုးစုံကို အသုံးပြုခြင်းဖြင့် ပြောပြနေပါသည်။

ဆာလံ ၈၉း၅ တွင် ဘုရားသခင်၏ဂုဏ်လက္ခဏာများကို သူ၏အံ့ဩစရာများဟု ခေါ်ပါသည်။ တနည်းအားဖြင့်ပြောရလျှင်၊ ဘုရားသခင်၏ဂုဏ်လက္ခဏာများက သူသည် မည်မျှကြီးမြတ် အံ့ဩစရာကောင်းသော ဘုရားသခင်ဖြစ်တော်မူကြောင်း ကျွန်တော်တို့ကိုပြောပြနေပါသည်၊ ထိုသို့ဖြင့် သူ၏ရှေ့တော်မှောက်တွင် အံ့ဩခြင်း၊ ကြည်ညိုခြင်းအပြည့်နှင့် ကျွန်တော်တို့ကို ရပ်နေစေပါသည်။

ဆာလံ ၇၈း၄ က ဘုရားသခင်၏ဂုဏ်လက္ခဏာများကို သူ၏ချီးမွမ်းစရာများဟု ခေါ်ပါသည်။ ထိုစကားလုံးမှနေ၍ သူ၏ဂုဏ်လက္ခဏာများကို ဖွင့်ပြနေရခြင်းအကြောင်းကို သိနိုင်ကြပါသည်၊ ၎င်းမှာ ကျွန်တော်တို့က သူ့ကို ထာဝရ ဝတ်ပြုကြည်ညိုကြရန် ဖြစ်ပါသည်။ အကယ်၍ ယနေ့ခေတ်အသင်းတော်များက ဘုရားသခင်ကို လေးစားဂုဏ်ပြုသင့်သည်အတိုင်း မပြုလုပ်ကြလျှင်၊ သူတို့သည် ဘုရားသခင်ကို သိသင့်သည်အတိုင်း မသိကြ၍သာ ဖြစ်ပါမည်။

ဆာလံ ၇၈ က ထိုဘုရားသခင်၏ဂုဏ်လက္ခဏာများကိုသိရှိခြင်း အသိပညာအားဖြင့်သာ၊ နောက်လာမည့်မျိုးနွယ်ဆက်များသည် ဘုရားသခင့်အပေါ် မျှော်လင့်ချက်ကို ထားနိုင်ကြခြင်းဖြစ်ပါသည်ဟု ဆက်ပြောပါသည်(၄-၈)။ သူ၏အလုပ်တော်များကို မမေ့ကြခြင်းဖြစ်ပါသည်။ သူ၏ပညတ်တော်များကို ဆက်လက်စောင့်ထိန်းနိုင်ကြခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် အသင်းတော်သို့ သူ့ကိုသိခြင်းအသိပညာကို ပြန်ရှိစေခြင်းအားဖြင့်၊ အထူးသဖြင့် သူ၏ဂုဏ်လက္ခဏာများကိုသိသောအသိပညာကို ပြန်ရှိစေခြင်းအားဖြင့် ထိုသို့သောမျိုးနွယ်ဆက်များကို ကျွန်တော်တို့အသင်းတော်သို့ ပေးတော်မူပါစေသော်ဝ်။

## ဘုရားသခင်၏သန့်ရှင်းတော်မူခြင်း(God's Holiness)

ဘုရားသခင်၏ဂုဏ်လက္ခဏာများထဲမှ အရေးကြီးဆုံးတခုသည် သူ၏သန့်ရှင်းတော်မူခြင်းဖြစ်ပါသည်။ တခါတရံ ကျမ်းစာထဲတွင် ဘုရားသခင်ကို သန့်ရှင်းသောသူ(Holy One)ဟုခေါ်လေ့ရှိပါသည်။ အထူးသဖြင့် ဟေရှာယအနာဂတ္တိကျမ်းတွင်ဖြစ်သည်။

သူ၏သန့်ရှင်းခြင်းသည် ကျွန်တော်တို့အတွက် အလွန်လိုအပ်ပါသည်။ ထိုအရာမရှိလျှင် ဘုရားသခင်ကို မတွေ့နိုင်ပါ (ဟေဗြဲ ၁၂း၁၄)။ ကျွန်တော်တို့ သူ့ကို တွေ့ချင်ကြလျှင်၊ သူ့လိုဖြစ်မှရပါမည်။ အထူးသဖြင့် သန့်ရှင်းခြင်းတွင်ဖြစ်ပါသည်။

ဘုရားသခင်၏သန့်ရှင်းခြင်းဆိုသည်မှာ အဘယ်နည်း?

သန့်ရှင်းခြင်း၏အခြေခံအဓိပ္ပါယ်မှာ ခွဲခြားထားခြင်း - သီးသန့်ဖယ်ထားခြင်းဖြစ်ပါသည်။ ဓမ္မဟောင်း ကာလမှ ယဇ်ပုရောဟိတ်များသည် သန့်ရှင်းကြပါသည် - ဆိုလိုသည်မှာ - အသက်ရှင်ပုံတွင် ခြားနားစေ သည်၊ အခြားသောအစ္စရေးအနွယ်များမှ ခေါ်ထုတ်ထားသည်။ ယေရုရှလင်မြို့သည် သန့်ရှင်းသောမြို့ဖြစ် သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာပေါ်တွင် ရှိသမျှသောမြို့တော်များထဲမှ သီးသန့်ခွဲထုတ်ထား၍ဖြစ် သည်။ ကျွန်တော်တို့ကိုပေးထားသောတာဝန်ဖြစ်သည့် သန့်ရှင်းကြရမည်ဆိုသည်မှာလဲ ထို့အတူဖြစ်သည်၊ ကျွန်တော်တို့သည် ဆိုးညစ်သောသူများနှင့် ၎င်းတို့အသက်ရှင်ပုံရှင်နည်းမှ ခွဲလျှက်အသက်ရှင်ခြင်းကို ဆိုလို ပါသည် (၂ကော ၆း၁၄-၁၈)။

သခင်ယေရှုလည်း သန့်ရှင်းပါသည်။ ဟေဗြဲ ၇း၂၆ အရ၊ ဆိုလိုသည်မှာ သူ့ကို အပြစ်သားများထဲမှ ခွဲထုတ်ထားသည်ဟုဆိုလိုခြင်းဖြစ်သည်။သူ့ထံတွင် အပြစ်မရှိပါ၊ အပြစ်ပြုနိုင်စရာရှိခြင်းမျိုးလဲ မရှိပါ။ သူ၏ သန့်ရှင်းခြင်းကို ငြင်းပယ်ခြင်းသည်၊ ကျွန်တော်တို့ကယ်တင်ခြင်းသည် ထိုသန့်ရှင်းခြင်းအပေါ်တွင် တည်နေပါသည်ဆိုခြင်းကို ငြင်းပယ်ခြင်းဖြစ်ပါသည်။

ဘုရားသခင်၏သန့်ရှင်းခြင်းဆိုသည်မှာ "အနန္တကာလတည်းဟူသောဘုံဗိမ္မာန်၌ စံတော်မူထသော၊ အထွဋ်အမြတ်ဖြစ်တော်မူသောသူ"ဖြစ်သည်ဟု ဆိုခြင်းဖြစ်ပါသည် (ဟေရှာ ၅၇း၁၅)။ သူသည် ဘုန်းအသရေရှိတော်မူခြင်းတွင် မည်သူနှင့်မျှမတူ၊ ခြားနားသည်/သီးခြားဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ "အဘယ်သူမျှမချဉ်းကပ်နိုင်သော အလင်းထဲ၌နေတော်မူသူ"ဟု ပြောနေခြင်းဖြစ်ပါသည်(၁တိ ၆း၁၆)။ ထိုအချက်ကို ဘယ်တော့မှ မမေ့ရပါ။

ထိုသူ၏သန့်ရှင်းခြင်းကို ဘုရားသခင်သည် သူ၏နာမည်များဖြင့် ဖွင့်ပြပါသည် (ဆာလံ ၁၁၁း၉)။ အခြားသောနာမည်များအားလုံးမှ ခွဲခြားထားပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင်၏နာမည်များကို သီးခြားခွဲထားကြရပါမည်၊ မရိုမသေ၊ မလေးမစား၊ ဓော်ကားသလို လုံးဝအသုံးမပြုကြရပါ။ ထိုအမှန်တရားကို ယနေ့ခေတ်လူများ မကြာခဏမေ့နေတတ်ကြပါသည်။ နေ့စဉ်စကားစမြည်ပြောဆိုရာတွင်သာမက၊ ဆုတောင်းရာတွင်လည်း ထိုသို့ပြုနေကြပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်သည်လည်း သန့်ရှင်းပါသည် (ရောမ ၁း၂)။အဘယ်ကြောင့်ဆိုသော် သူ၏စကားတော်များဖြစ်ကြ၍ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့အတွေးများထဲတွင် သီးခြားခွဲထားရပါမည်။ အသုံးပြုခြင်းတွင်လဲ ခွဲခြားထားရပါမည်။ လူတို့၏ဉာဏ်ပညာ(wisdom of men)၊ စကားလုံးများမှနေ၍ ခွဲခြားထားရပါမည်။

တနင်္ဂနွေနေ့သည် သန့်ရှင်းသောနေ့ဖြစ်သည်။ ထို့ကြောင့် ထိုနေ့ကို တခြားနေ့များမှ ခွဲထားရပါမည်။ ၎င်းနေ့ကိုလည်း ဘုရားသခင်၏ဘုန်းတော်အတွက်၊ သခင်ယေရှုခရစ်တော်၏ဘုန်းအသရေအတွက် သီးသန့်ခွဲထားရပါမည်။ သေခြင်းမှရှင်ပြန်ထမြောက်ခြင်းဖြင့် တနင်္ဂနွေနေ့ကို သခင်ယေရှုခရစ်က ပိုင်တော်မူပါသည်။

သီးသန့်ခွဲထားခြင်းတွင် အပိုင်းနှစ်ပိုင်းရှိပါသည်။ တစုံတခုသောအရာမှ ခွဲခြားခြင်းနှင့် တစုံတခုသောအရာထံသို့ ခွဲခြားခြင်းဖြစ်ကြပါသည်။

ဘုရားသခင်၏ သန့်ရှင်းခြင်းဆိုသည်မှာ ဘုရားသခင်သည် အပြစ်အားလုံးမှနေ၍ သီးသန့်ခွဲခြားနေသည်ဟု ဆိုလိုခြင်းဖြစ်သည်၊ စင်ကြယ်လွန်းလှသောမျက်လုံးတော်များက အပြစ်ကိုမမြင်နိုင်ဟု ပြောပါသည် (ဟေဗြဲ ၁း၁၃)။ ဘုရားသခင်သည် ဆိုးညစ်ခြင်းကို သဘောမကျပါ (ဆာလံ ၅း၄)။ ထို့ကြောင့် သူသည် အပြစ်မှ သီးခြားခွဲနေယုံမကပါ၊ အပြစ်ကို ဆန့်ကျင်ပါသည်၊ ခြေမှုန်းပါသည်။ သူ၏ဘုန်းတော်ကို နေရာတိုင်းတွင် ပြတော်မူသည်။ သူ၏သန့်ရှင်းတော်မူခြင်းဆိုသည်၏နောက်အဓိပ္ပါယ်မှာ သူသည် မိမိကိုယ်ကိုထံသို့နှင့်၊ မိမိ၏ဘုန်းတော်အတွက်သာ မိမိကိုယ်ကို ဆက်ကပ်သည်(consecrate)၊ ရည်စူးတော်မူသည်(dedicate)ဟူ၍ဖြစ်ပါသည် (ဟေရှာ ၄၂း၈)။

ကျွန်တော်တို့သည် သန့်ရှင်းလိုလျှင်၊ အပြစ်မှခွဲခြားနေထိုင်ခြင်းနှင့်သာမလုံလောက်ပါ၊ ဘုရားသခင်ထံသို့လည်း သီးသန့်ဖြစ်စွာနေထိုင်ရပါမည်။ အရက်သမားသည် အရက်ဖြတ်လိုက်ယုံနှင့် သန့်ရှင်းသူဖြစ်မလာပါ။ သူသည် မိမိကိုယ်ကို ဘုရားသခင်ထံဆက်ကပ်၍၊ သူ့ထံသို့ သီးသန့်ဖြစ်စွာနေထိုင်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အရာခပ်သိမ်းကို ဘုရားသခင်အတွက်ရည်စူး၍ လုပ်ကြရပါမည်။ ထိုသို့ပြုမှသာ သူသည်သန့်ရှင်းတော်မူသည်နည်းတူ၊ ကျွန်တော်တို့လည်း သန့်ရှင်းကြမည်ဖြစ်ပါသည်(၁ပေ ၁း၁၆)။ ထိုအခါမှသာ သူ့ကိုမြင်နိုင်ကြမည်ဖြစ်သည်။ သူ့ထံတော်၌ နေထိုင်နိုင်ကြမည် ဖြစ်ပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

========================================

# ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၅)

## ၂း၈–၁၁

၈ – စမုရနမြို့၌ရှိသော အသင်းတော်၏တမန်ကို ဤသို့ရေးမှာလိုက်လော့၊ အဦးဆုံးသောသူ၊ နောက်ဆုံးသော သူတည်းဟူသော၊ အရင် သေ၍ အသက်ရှင်လျက်ရှိသောသူ၏ အမိန့်တော်ကား၊ ၉ – သင့်အကျင့်ကျင့်ခြင်း၊ ဒုက္ခခံခြင်း၊ ဆင်းရဲခြင်းကို ငါသိ၏၊ သို့သော်လည်း။ သင်သည် ကြွယ်ဝပြည့်စုံခြင်းရှိ၏၊ ယုဒလူ ဖြစ်ယောင်ဆောင်၍ ယုဒလူမှန်မဟုတ် စာတန်၏အပေါင်းအသင်းဖြစ်သောသူတို့၏ ကဲ့ရဲ့ ခြင်းကိုလည်း ငါသိ၏၊ ၁၀ – သင်သည် ခံရမည့်အရာ တစုံတခုကိုမျှ မကြောက်နှင့်၊ သင်တို့သည် စုံးစမ်းခြင်းကို ခံရမည်အကြောင်း၊ မာရ်နတ်သည် သင်တို့တွင် အချို့ကို ထောင်ထဲ၌လှောင်ထား၍၊ သင်တို့သည် ဆယ်ရက်ပတ်လုံး ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်၊ သေသည် တိုင်အောင် သစ္စာစောင့်လော့၊ သို့ဖြစ်လျှင်။ အသက်သရဖူကို ငါပေးမည်၊ ၁၁ – ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့ မိန့် တော်မူသည်ကို နားရှိသောသူမည်သည်ကား ကြားပါစေ၊ အောင်မြင်သောသူကို ဒုတိယသေခြင်းသည်မည်ဦးဆဲရ။

**၁။ ဖေက်အသင်းတော်က စတင်ယိုယွင်းနေသောအသင်းတော်များကို ကိုယ်စားပြုသည်။ စမုရနအသင်း တော်မှာ နှိပ်စက်ညှင်းဆဲခံရခြင်းထဲတွင် ကြွယ်ဝသန်မာသောအသင်းတော်ဖြစ်ပါသည်။**

**၂။ စမုရနမြို့သည် အလွန်လှသောမြို့တမြို့ဖြစ်သည်။ ကုန်သွယ်မှုကြောင့် ကြွယ်ဝသောမြို့လည်းဖြစ်သည်။ ဖေက်မြို့၏ မြောက်ဖက်၊ အေဂျင်ပယ်လယ်အော်တွင် တည်ရှိသည်။ အချို့က "ထိုအသင်းတော်၏တမန်" ဆိုသည်မှာ မာတုရအနေနှင့်အသေခံသော ခေါင်းဆောင်ကြီးပိုလေးကပ်ကိုဆိုလိုသည်ဟု ယူဆကြသည်။ ထို အချိန်တွင် စမုရနအသင်းတော်သည် ဒုက္ခမျိုးစုံ၊ နှိပ်စက်ညှင်းဆဲမှုမျိုးစုံကိုခံနေရချိန်ဖြစ်၍၊ သခင်ယေရှု၏မိမိ ကိုယ်ကိုလိပ်မှုသောစကားလုံးများသည် အခြေအနေနှင့်အလွန်ကိုက်ညီပါသည်။**

**သူသည် အဦးဆုံးနှင့်နောက် ဆုံးသောသူဖြစ်သည်(၁း၁၁)။ သူသည် "သတ္တဝါအပေါင်းတို့တွင် ပထ မဆုံးသူ"ဖြစ်သည်။ သူ့အတွက် အရာခပ်သိမ်းကို ဖန်ဆင်းခြင်းဖြစ်သည်။ ထို့ကြောင့် သူသည် နောက်ဆုံးသူ၊ အောင်မြင်သောနောက်ဆုံးသူ ဖြစ်တော်မူသည်။**

**သူသည် ရှင်ပြန်ထမြောက်သူဖြစ်သည်။ သူသည် သေခဲ့ပါသည်၊ သို့သော် အသစ်ဖြစ်သော၊ အောင် မြင်သော၊ သေခြင်း၏တန်ခိုးအားလုံးကို အောင်နိုင်သော အသက်တာအသစ်နှင့်ပြန်ရှင်လာခဲ့ပါသည်။ အ သင်းတော်၏အရှင်သခင်ဖြစ်သော ခရစ်တော်သည် မည်သူ့ကိုမျှကြောက်စရာမလိုပါ၊ သေခြင်းကိုပင်ကြောက် စရာမလိုပါ။**

**၃။ ငယ် ၉၊ ၁၀ က အသင်းတော်၏ပြင်ပအခြေအနေကို ပြောပြပါသည်။ "အကျင့်ကျင့်ခြင်း၊ ဒုက္ခခံခြင်း၊ ဆင်းရဲခံခြင်း"ကိုငါသိသည်။ အသင်းတော်သည် နှိပ်စက်ညှင်းဆဲခြင်းကို ခံနေရသည်။**

**အပက်ပက်ကဝိုင်း၍ဖိနှိပ်ကြသည်မှာ ဤလောကတွင် နေစရာမရှိလောက်အောင်ဖြစ်သည်။ သခင်ခ ရစ်တော်အတွက် ခံနေရခြင်းဖြစ်သည်။ စီးပွားရေးခေါင်းဆောင် လူခြမ်းသာဂျူးများကြောင့် ဘာမှမလုပ်နိုင် ဘဲ ဆင်းရဲနေကြရသည်။ ဂျူးများ၏နှောက်ယှက်မှုကြောင့် မည်သည့်နေရာတွင်မှ အလုပ်မရနိုင်ဖြစ်ကြရ သည်။ ထို့ကြောင့် သူတို့သည် ဆင်းရဲကြသည်။ အသင်းသူ/သားများဆင်းရဲကြ၍၊ အသင်းတော်လည်း ဘာ မှမလုပ်နိုင်ပါ။**

**ထို့အပြင် မကောင်းပြောခံနေကြရပါသည်။ မိမိတို့ကိုယ်ကို ဂျူးဟုပြောနေသော်လည်း အစစ်မဟုတ်၊ စာတန်၏အသင်းတော်ဖြစ်နေသူများ၏ မကောင်းပြောခြင်းကို ခံနေကြရသည်။ မကောင်းပြောသူတို့သည် အသွေးအသားအရသာ ဂျူးဖြစ်ကြသည်။ သို့သော် နှလုံးသားများကမူ ဂျူးမဟုတ်ကြပါ။ ထိုမှဆန့်ကျင်စွာ**

စာတန်၏အပေါင်းအသင်းများဖြစ်ကြသည်၊ သူတို့၏အရှင်သခင်သည် စာတန်ဖြစ်သည်။ စာတန်၏အလိုဆန္ဒကို အကောင်အထည်ဖေါ်ကြသူများဖြစ်ကြပါသည်။

သူတို့က ခရစ်ယာန်များကို မြို့တော်အုပ်ချုပ်ရေးမှူထံသို့ တိုင်တောကြခြင်းဖြစ်သည်။ ခရစ်ယာန်များက ယေရှုသည် သခင်ဖြစ်သည်ဟုပြောကြသည်၊ ခရစ်တော်ကိုထောက်ခံခြင်းသည် ရောမအင်ပိုင်ယာ၏ ကေရဇ် ဆီဇာဘုရင်ကို တော်လှန်ခြင်းဖြစ်သည်ဟု မကောင်းပြောကြခြင်းဖြစ်သည်။ ထိုသို့မကောင်းပြောခြင်းက နှိပ်စက်ခြင်းကို ပို့ဖြစ်လာစေသည်။ ထို့ကြောင့် အချို့တို့သည် ထောင်ချခံကြရသည်။ ဘေးဒုက္ခများခံစားရချိန်သည် "ဆယ်ရက်"ဖြစ်ပါသည်။

ဤနေရာတွင် သုံးထပ်ကွမ်းနှစ်သိမ့်စရာ ရှိနေပါသည်။ ပထမအနေနှင့် နတ်ဆိုး(လိမ်ညာသူ၊ မကောင်းပြောသူ)က သူတို့ကို ထောင်ချမည်။ နှစ်သိမ့်စရာမှာ နတ်ဆိုးက ကျွန်တော်တို့ကိုမုန်း၍ နှိပ်စက်ခြင်းဖြစ်သည်။ နတ်ဆိုးက သူတို့ကျဆုံးရန်လုပ်ကိုင်နေသည်၊ ထိုသို့လုပ်ကိုင်ခြင်းကို ဘုရားသခင်က စုံစမ်းခြင်းအနေနှင့်သုံး၍ သူတို့ပိုကောင်းလာဖို့ဖြစ်စေသည်။ ဘုရားသခင်၏ရည်ရွယ်ချက်သည် နတ်ဆိုး၏လုပ်ကိုင်မှုဖြင့်လည်း ပြည့်မြောက်လာပါသည်။

နှိပ်စက်ခြင်းသည် "ဆယ်ရက်"ဖြစ်သည်။ 'တဆယ်'ဆိုသောဂဏန်းသည် ဘုရားသခင်၏ဆုံးဖြတ်မှုအားဖြင့် ပြည့်စုံသောကာလတရပ်ကို ရည်ညွှန်းပါသည်။ ထို့ကြောင့် ဒုက္ခခံရခြင်းသည် ဘုရားသခင်အလိုရှိသလောက်သာ ခံရမည်ဟုပြောခြင်းဖြစ်သည်။ 'ရက်'ဟုပြောထားသဖြင့် တိုတောင်းမည်ဟုဆိုလိုခြင်းဖြစ်သည်။ ကျွန်တော်တို့ရမည့် ဘုန်းအသရေနှင့်နှိုင်းယှဉ်လျှင် ခံရသောဒုက္ခသည် အမြဲတိုတောင်းပါသည်။

၄။ စမုရနအသင်းတော်၏ ဝိညာဉ်ရေးရာအခြေအနေကို ယေ်(၉)ကပြောပါသည်၊ "သင်သည် ကြွယ်ဝပြည့်စုံခြင်းရှိ၏။" တိုတိုကလေးပြောထားသော်လည်း ကောင်းမြတ်ခြင်းအားလုံးပြည့်စုံသောစကားဖြစ်သည်။ ဤအသင်းတော်ကို သခင်ယေရှုက ပြစ်တင်စကားတလုံးမှမပြောပါ။

ဆိုလိုသည်မှာ စမုရနအသင်းတော်သည် ရှင်သန်သောယုံကြည်ခြင်းဖြင့် သခင်ခရစ်တော်ထံမှ ဝိညာဉ်ရေးရာကြွယ်ဝမှုအားလုံးကို ရရှိနေကြသည်၊ ထိုသို့ရရှိကြောင်းကိုလည်း သိကြသည်ဟုပြောနေခြင်းဖြစ်ပါသည်။ သခင်ခရစ်တော်ထံ၌ရှိနေသော ဝိညာဉ်ရေးရာကောင်းမြတ်မှုအားလုံးကိုပေးထားပါသည်။ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း၊ နူးညံ့ခြင်း၊ သီးခံနိုင်ခြင်း စသည်တို့ဖြစ်သည်။

အဘယ်ကြောင့် နှိပ်စက်ညှင်းဆဲခြင်းခံနေရသောအသင်းတော်သည် ကြွယ်ဝရသနည်း? အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏သန်မာခြင်းကို အားနည်းခြင်းမှ ဖေါ်ထုတ်ချင်၍ဖြစ်သည်၊ သူ၏ကျေးဇူးတော်၏အံ့သြဖွယ်ကောင်းခြင်းကို ဖွင့်ပြလျက် မိမိ၏ဘုန်းတော်ကို ထင်ရှားစေလို၍ဖြစ်ပါသည်။ နှိပ်စက်ညှင်းဆဲခံရခြင်းက အသင်းတော်ကို ယုံကြည်ခြင်းဖြင့် သခင်ခရစ်တော်နှင့် ပို၍နီးကပ်စေပါသည်။ နှိပ်စက်ညှင်းဆဲခံရချိန်တွင် လူဆိုးများ အသင်းတော်သို့ မဝင်ချင်ကြ၍၊ အသင်းတော် သန့်နေပါသည်။

၅။ ယေ်(၁၀)က ဤသို့အားပေးပါသည်၊ "သင်ခံရမည့်အရာတခုကိုမျှ မကြောက်နှင့်။" သေပြီးသော်လည်းပြန်ရှင်နေသူကိုကြည့်လျှင် ကျွန်တော်တို့ ဘာကိုမှကြောက်စရာမလိုပါ။ "သေသည်တိုင်အောင် သစ္စာရှိပါ။"သစ္စာရှိခြင်းဆိုသည်မှာ၊ ဘုရားသခင်၏ ပဋိညာဉ်မိတ်ဆွေများကဲ့သို့ ပြောဆိုနေထိုင်ပါဟုဆိုလိုခြင်းဖြစ်သည်။ သေသည်တိုင်အောင်ဆိုသည်မှာ အကယ်၍သခင်ခရစ်တော်အတွက် အသေခံစရာလိုခဲ့လျှင် ခံပါမည်ဟုဆိုလိုခြင်းဖြစ်ပါသည်။

အသက်သရဖူကိုပေးမည်ဟုပြောပါသည်၊ ဘုရင်ဖြစ်ခြင်းသရဖူကို မဆိုလိုလို၊ အောင်ပွဲဝင်ရောက်ခြင်းသရဖူကို ဆိုလိုပါသည်။ ထာဝရအသက်ကို ဆိုလိုပါသည်။ အောင်ပွဲဝင်ပြီးသူတယောက်လို အသက်ရှင်ခြင်းကို ဆိုလိုပါသည်။ "ဒုတိယသေခြင်းသည်"ဆိုသည်မှာ သေခြင်းမှထမြောက်ပြီး ငရဲထဲတွင် ထာဝရသေခြင်းကို ဆိုလိုပါသည်။ ထိုသေခြင်းက ဒုက္ခမပေးတော့ပါဟု ကတိပေးနေခြင်းဖြစ်သည်။

ထိုကတိတော်၊ အားပေးစကားများကို အသင်းတော်များကိုပြောနေခြင်းဖြစ်ပါသည်။ အချိန်တိုင်းတွင် ရှိနေသောအသင်းတော်တိုင်းအတွက် ပေးထားသောကတိတော်ဖြစ်ပါသည်။